ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

https://mohai.nugmyanmar.org/

# မြန်မာနိုင်ငံလုံးဆိုင်ရာ CDM မီးသတ်ဝန်ထမ်းများ ကိုယ်စားပြုကော်မတီအား မီးသတ်ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း

**အမိန့်ကြော်ငြာစာအမှတ်(၀၂/၂၀၂၂)**

**၁၃၈၄ခုနှစ်၊တန်ခူးလပြည့်ကျော် ၉ ရက်**

**(၂၀၂၂ခုနှစ်၊ ဧပြီလ ၂၄ ရက်)**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနသည် အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော မီးသတ်ဦးစီးဌာန CDM ဝန်ထမ်းများကို စုစည်း၍ CDM ဝန်ထမ်းများ၏ အရေးကိစ္စများနှင့် ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၏ မြေပြင်အုပ်ချုပ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် (၁၃-၁၀-၂၀၂၁) ရက်နေ့တွင် အမိန့်အမှတ်(၅/၂၀၂၁)ဖြင့် **မြန်မာနိုင်ငံလုံးဆိုင်ရာ CDM မီးသတ်ဝန်ထမ်းများ ကိုယ်စားပြုကော်မတီ** အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စိုးမိုးနယ်မြေများနှင့် ထိန်းချုပ်နယ်မြေများ၌ စစ်ကောင်စီ၏ လစ်လပ်သွားသော အုပ်ချုပ်ရေးယန္တရားတွင် အစားထိုးဝင်ရောက်၍ မီးဘေး လုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပြည်နယ်ကောင်စီများ၏ ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုး ပေးနိုင်ရန်အတွက် **မြန်မာနိုင်ငံလုံးဆိုင်ရာ CDM မီးသတ်ဝန်ထမ်းများ ကိုယ်စားပြုကော်မတီ** အား **မီးသတ်ဦးစီးဌာန** အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်သည်။

လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန